Myanmar Peace Monitor

# Weekly News Review

Issue 96, March 8 - 14, 2023



## နမ်းနိန်းရွာ ဘုန်းကြီးကျောင်းဝန်းအတွင်း အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှု

Photo - PNDF - KK

# နမ့်းနိန်းရှိ ဘုန်းကြီးကျောင်းဝန်းအတွင်း အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှု

## နိဒါန်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စတင်ခဲ့သည့် စစ်အာဏာသိမ်းကာလ တစ်လျှောက်လုံး အာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက်လုပ်ရပ်ပေါင်းများစွာကို နေရာဒေသမရွေး၊ အချိန်အခါမရွေး ပုံသဏ္ဍာန်၊ အသွင်သဏ္ဍာန်မျိုးစုံဖြင့် လွယ်လင့်တကူ ကျူးလွန်လျက်ရှိပါသည်။ အရပ်သားပြည်သူပိုင် ပစ္စည်းဥစ္စာများအား လုယက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းနှင့် အရပ်သားပြည်သူများအား အကြောင်းမဲ့ဖမ်းဆီးသတ်ဖြတ်ခြင်းတို့အား ကိုယ်တိုင်ကျူးလွန်ခဲ့သည့်တိုင် ၎င်းတို့အား ခုခံတော်လှန်ရေးဆင်နွှဲနေကြသော အင်အားစုများအား လိမ်ညာဝါဒဖြန့်အပြစ်ဖို့လေ့ရှိသည့် အာဏာသိမ်းစစ်ကောင်စီ၏ ပြောင်လိမ်ပြောင်စား အမူအကျင့်များကိုလည်း ယခုကာလအတွင်း ထင်ရှားစွာ မြင်တွေ့နေရပြီဖြစ်သည်။ နမ့်းနိန်းရှိ ဘုန်းကြီးကျောင်းဝန်းအတွင်း အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုဖြစ်စဉ်သည် အာဏာသိမ်းစစ်ကောင်စီတပ်များ ကျူးလွန်သော အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်ကြောင်း ထင်ရှားသည်။

ယခုတစ်ပတ် BNI – Myanmar Peace Monitor ၏ အပတ်စဉ်သတင်းသုံးသပ်ချက်တွင် အာဏာသိမ်းစစ်ကောင်စီတပ်သားများ ကျူးလွန်သော နမ့်းနိန်းရှိ ဘုန်းကြီးကျောင်းဝန်းအတွင်း အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုဖြစ်စဉ်နှင့် ပတ်သက်ပြီး အချက်အလက်များအခြေခံကာ လေ့လာတင်ပြသွားပါမည်။

# ဖြစ်စဉ်

၂၀၂၃ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လောင်းမြို့နယ်၊ ဆောင်းပြောင်းဒေသ၊ နမ်းနိန်းကျေးရွာ ဘုန်းကြီးကျောင်းတွင် သံဃာတော် (၃)ပါးနှင့် အမျိုးသမီး တစ်ဦးအပါအဝင် အရပ်သားပြည်သူပေါင်း ၂၂ ဦးအထိ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံခဲ့ရကြောင်း မတ်လ ၁၆ ရက်တွင် အမျိုးသားညီညွတ်ရေး အစိုးရ(NUG)၊ ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ (Karenni State Consultative Council – KSCC) နှင့် ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ (Pa-O National Federal Council – PNFC) တို့က ပူးတွဲထုတ်ပြန်ကြေညာခဲ့သည်။

ပအိုဝ်းအမျိုးသားကာကွယ်ရေးတပ်ဖွဲ့(ခမ်းကောင်) (PNDF-KK)၏ မတ်လ ၁၂ ရက် ထုတ်ပြန်ချက်အရ နမ်းနိန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းနံရံအရှေ့မှ ရုပ်အလောင်းများကို ဖယ်ရှားပြီးနောက် ကျောင်းနံရံတွင် တွေ့ရှိရသည့် စစ်ကောင်စီတပ်ဖွဲ့များ၏ ကျည်ဆံရာများ၊ နမ်းနိန်ကျေးရွာအတွင်း ပစ်ခတ်ခဲ့သည့် စစ်ကောင်စီသုံး MA 5.56 ကျည်ဆံခွံ ကျည်ဘူးခွံများနှင့် M 79 ကျည်ဆံခွံများ လက်နက်ကြီး စ,များ၊ ကာကွယ်ရေးပစ္စည်းစက်ရုံများတွင် ထုတ်လုပ်သည်ဟူသည့် စာတန်းပါ စစ်ကောင်စီ၏ (ကပစ) ထုတ် ကျည်ဘူးခွံများ စသည့် မြေပြင်တွေ့ရှိ ချက်မှတ်တမ်းများကို တွေ့ရသည်။




နမ်းနိန်းကျေးရွာတွင် စစ်ကောင်စီများအသုံးပြုသွားသည့် ကျည်ခွံများနှင့် လက်နက်ကြီးစများ
ဓာတ်ပုံမှတ်တမ်း (၈)

နမ်းနိန်းကျေးရွာအရှေ့ဘက် ဘုရားတောင်တွင် တပ်စွဲထားသော စစ်ကောင်စီတပ်များသည် မတ်လ (၁၁) ရက် နံနက် ၅ နာရီခန့်တွင် နမ်းနိန်းရွာအတွင်းသို့ လက်နက်ကြီးများ၊ မီးကျည်များ ပစ်ခတ်ပြီး အင်အားအလုံးအရင်းဖြင့် ဝင်ရောက်လာကာ ၎င်းတို့လာရာလမ်းတစ်လျှောက်တွင် စက်သေနတ်များဖြင့် ရမ်းသမ်းပစ်ခတ်ခြင်းနှင့် လူနေအိမ်များအတွင်း မီးကျည်များ ပစ်ခတ်ကာ မီးရှို့ဖျက်ဆီးခဲ့ကြကြောင်း PNDF-KK က ဆိုပါသည်။



အာဏာသိမ်းစစ်ကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းကတော့ "ဖြစ်စဉ်တစ်ခုလုံးကို ပြောရမယ်ဆိုရင်တော့ ပအိုဝ်ဒေသရဲ့ ငြိမ်းချမ်းနေမှု၊ ဖွံ့ဖြိုးတိုးတက်နေမှုကို ဖျက်ဆီးဖို့ ရည်ရွယ်ချက်နဲ့ လာရောက်ဆောင်ရွက်နေတာ ဖြစ်တယ်။ တည်ငြိမ်နေတဲ့ ပအိုဝ်ဒေသခံတွေ၊ ပအိုဝ်ပြည်သူ့စစ်တွေ၊ ဒေသခံ လုံခြုံရေးအဖွဲ့တွေနဲ့ တပ်မတော်ကြားမှာ ထင်ယောင်ထင်မှားဖြစ်စေဖို့ လုပ်ဆောင်တာဖြစ်တယ်။ ကျွန်တော်တို့အနေနဲ့က KNPF(KNDF ကို ဆိုခြင်းဖြစ်နိုင်သည်)/ KNPP/ PDF အဖွဲ့တွေနဲ့ တိုက်ခိုက်ခဲ့တာ ဖြစ်တယ်"ဟု မတ်လ ၁၃ ရက်တွင် ပြောဆိုထုတ်ပြန်ထားပါသည်။

နမ်းနိန်းရွာ ဘုန်းကြီးကျောင်းဝန်းအတွင်း အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှုဖြစ်စဉ်နှင့် ပတ်သက်ပြီး အာဏာသိမ်းစစ်ကောင်စီနည်းတူ ၎င်း၏လက်အောက်ခံ ပအိုဝ်းပြည်သူ့စစ်အဖွဲ့(PNO)ကလည်း ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ်(KNDF)နှင့် ဒေသကာကွယ်ရေးတပ်ဖွဲ့(PDF)တို့က လုပ်ဆောင်ခြင်းဖြစ်ကြောင်း အထောက် အထားမဲ့စွာ ထုတ်ပြန်ခဲ့သည်ကို တွေ့ရသည်။

## ဆက်စပ်သတင်း တွေ့ရှိချက်များ

NUG ၏ လူ့အခွင့်အရေးဝန်ကြီးဌာန၏ မှတ်တမ်းအရ ၂၀၂၃ ခုနှစ် မတ် ၁၃ ရက်အထိ စစ်အာဏာသိမ်းကာလ အတွင်း စစ်ကောင်စီတပ်များက အရပ်သားပြည်သူများအပေါ် ကျူးလွန်ခဲ့သော ၅ ဦးနှင့်အထက် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုပေါင်း ၆၄ ကြိမ်ရှိ

ခဲ့ပြီး သေဆုံးသူ ၇၆၆ ဦးအထိ ရှိခဲ့သည်ဟုဆိုပါသည်။ ထိုအနက် အမျိုးသား (၄၈၂) ဦး၊ အမျိုးသမီး (၇၈) ဦး တို့ ပါဝင်ကြောင်း ခွဲခြားနိုင်ခဲ့ပြီး ကျန်သူ (၂၀၆) ဦးတို့၏ အလောင်းများမှာ ကျား-မစစ်ဆေးရန်ပင် မလွယ်တော့ဟု ဆိုပါသည်။ ကျား-မခွဲခြားနိုင်သော အလောင်းအရေအတွက် (၅၅၉) ဦးတွင် အသက် (၆၀) အထက် သက်ကြီးရွယ်အို (၄၂) ဦးနှင့် အသက် (၁၈) နှစ်အောက် ကလေးသူငယ် (၆၂) ဦးတို့ ပါဝင်နေကြောင်း မတ်လ ၁၅ ရက်တွင် ထုတ်ပြန်ထားသည်။

အပစ်မဲ့အရပ်သားပြည်သူ ၃၄ ဦးကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သည့် ၂၀၂၁ ခုနှစ် ဇူလိုင်လ (၁၁) ရက်၊ စစ်ကိုင်းတိုင်း ကနီမြို့နယ် ယင်းရွာဖြစ်စဉ်၊ အရပ်သားပြည်သူ ၃၅ ဦးကို အစုလိုက်အပြုံလိုက် မီးရှို့သတ်ဖြတ်ခဲ့သည့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်၊ ကရင်နီ(ကယား)ပြည်နယ် ဖရူဆိုမြို့နယ် မူဆိုရွာဖြစ်စဉ်၊ အရပ်သားပြည်သူ ၂၉ ဦးကို အစုလိုက်အပြုံလိုက် ဖမ်းဆီးသတ်ဖြတ်ခဲ့သည့် ၂၀၂၂ ခုနှစ် မေလ ၁၂ ရက်၊ စစ်ကိုင်းတိုင်း ရေဦးမြို့နယ် မုန်တိုင်ပင်ရွာဖြစ်စဉ်၊ အရပ်သားပြည်သူ ၄၀ ဦးကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သည့် ၂၀၂၂ ခုနှစ် ဩ ဂုတ်လ ၈ ရက်၊ ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆယ်ဇင်းရွာဖြစ်စဉ် စသည်တို့သည် ဆိုခဲ့ပါအစုလိုက်အပြုံလိုက် သတ်ဖြတ်မှု ၆၄ ကြိမ်ထဲမှ လူသိများသည့် ဖြစ်စဉ်များဖြစ်သည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၃ ရက်၊ ကချင်ပြည်နယ် ဖားကန့်မြို့နယ် အနန့်ပါရွာ ဂီတဖျော်ဖြေပွဲအား လေကြောင်းမှ ပုံးကြဲတိုက်ခိုက်မှုကြောင့် ဆယ်နှင့်ချီသည့် အရပ်သားပြည်သူများ အစုလိုက်အပြုံလိုက် သေဆုံးခဲ့ရပြီဖြစ်သည်။ မတ်လ ၁ ရက်နှင့် ၂ ရက် နေ့များတွင်လည်း စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ်၊ တာတိုင်ရွာမှ အပြစ်မဲ့အရပ်သားပြည်သူ(၁၇)ဦးကို စစ်ကောင်စီတပ်က သတ်ဖြတ်ကြောင်း NUG က သတင်းစာရှင်းလင်းခဲ့ပါသည်။

ယခုနမ်းနိန်းရွာ ဘုန်းကြီးကျောင်းဝန်းအတွင်း အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုဖြစ်စဉ်သည် စစ်အာဏာသိမ်းကာလအတွင်း စစ်ကောင်စီတပ်များကျူးလွန်သော အကြမ်းဖက်လုပ်ရပ်များ၏ ပထမဆုံးအကြိမ် မဟုတ်သကဲ့သို့ နောက်ဆုံးအကြိမ်ဟုလည်း ဆိုနိုင်လိမ့်မည်မဟုတ်ပေ။ နယ်မြေရှင်းလင်းရေးခေါင်းစဉ်အောက်တွင် သတ်ဖြတ်ခဲ့သော ရခိုင်ပြည်နယ် အင်းဒင်ရွာဖြစ်စဉ်သည် ယနေ့အထိ တရားမျှတမှုတစုံတရာ ရရှိထားခြင်းမရှိသေးသည်ကို သတိပြုရပါမည်။ စစ်အုပ်စုသည် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်တိုင်းကို နည်းမျိုးစုံဖြင့် ဖုံးကွယ်ဝါဒဖြန့်လေ့ရှိပြီး အချက်အလက်၊ မှတ်တမ်းမှတ်ရာများကို ဖျောက်ဖျက်နိုင်ရေး ကြိုးပမ်းလေ့ရှိပါသည်။

ဗိုလ်ချုပ်ဇော်မင်းထွန်း၏ မတ်လ ၁၃ ရက်၊ ပြောဆိုထုတ်ပြန်ချက်တွင်လည်း ဆိုခဲ့ပါ နမ်းနိန်းရွာဖြစ်စဉ်ကို အကြောင်းပြုပြီး ပအိုဝ်းလူမျိုးများနှင့် ကရင်နီလူမျိုးများအကြား လူမျိုးရေးပဋိပက္ခဖြစ်စေနိုင်သည့် အသုံးအနှုန်းများကို ထည့်သွင်းသုံးနှုန်းထားသည်ကို တွေ့ရသည်။ "ပအိုဝ့်ဒေသသည် အစဉ်အဆက်ငြိမ်းချမ်းလာတဲ့ဒေသ ဖြစ်တဲ့အတွက် တောင်ဘက်မှာရှိတဲ့ KNPF (KNDF ကို ဆိုလိုခြင်းဖြစ်နိုင်သည်)/ KNPP အဖွဲ့ တွေအနေနဲ့ ပအိုဝ့်ဒေသကို တည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးဖို့၊ အစိုးရ၊ တပ်မတော်နဲ့ ဒေသခံပအိုဝ့်ပြည်သူလူထုအကြားမှာ ထင်ယောင်ထင်မှားဖြစ်စေဖို့အတွက် ဒီသတင်းတွေကို ထုတ်လွှင့်နေခြင်းဖြစ်တယ်"ဟု ၎င်းက ဆိုထား ပါသည်။

စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေး ဦးတည်လျှောက်လှမ်းနေသော နွေဦးတော်လှန်ရေးတွင် အဓိကအင် အားစုတစ်ခုအဖြစ်ပါဝင်နေသော ပအိုဝ်းအမျိုးသား ဖက်ဒရယ်ကောင်စီ(PNFC) ကတော့ နိုင်ငံတကာရောက် ပအိုဝ်းအင်အားစုများ၊ ကရင်နီအင်အားစုများနှင့် ကရင်လူငယ်များ၏ သဘောထားများရယူကာ နမ်းနိန်းရွာဖြစ်စဉ်အပေါ် အကြောင်းပြုပြီး "လူမျိုးရေးပဋိပက္ခ နှင့် ဘာသာရေးပဋိပက္ခများ" ဖြစ်ပွားစေရန် ရည်ရွယ်ချက်ရှိရှိ သွေးထိုးလှုံဆော်နေသော အာဏာသိမ်းစစ်အုပ်စု၏ လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချကြောင်း မတ်လ ၁၄ ရက်က ထုတ်ပြန်ခဲ့သည်။

## သုံးသပ်တင်ပြချက်

စစ်အုပ်စုလော်ဘီများသည် နမ်းနိန်းရွာ ဘုန်းကြီးကျောင်းဝန်းအတွင်း အစုလိုက်အ ပြုံလိုက် သတ်ဖြတ်ခံရမှု အခင်းဖြစ်နေရာမှ ဓာတ်ပုံများကို ပုံမှားရိုက်ကာ ၎င်းတို့ထောက် ခံသော စစ်ကောင်စီတပ်၏ လုပ်နိုင်စွမ်းကို တယ်လီဂရမ်ချန်နယ်များမှတဆင့် ဂုဏ်ပြု အောင်ပွဲခံခဲ့ကြသည်ကို တွေ့ရသည်။ သို့သော် မြေပြင်မှတ်တမ်း သက်သေများအရ ၎င်းတို့ဝါဒဖြန့်နေသကဲ့သို့ ဒေသကာကွယ်ရေးတပ်ဖွဲ့(PDF)များမဟုတ်ဘဲ ရဟန်းသံဃာ နှင့် အရပ်သားပြည်သူများ ဖြစ်နေခြင်းဖြစ်သည်။



> နမ်းနိန်းရွာဖြစ်စဉ်ကဲ့သို့ အသစ်အသစ်သော အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုများ ထပ်မဖြစ်စေရေးအတွက် ပြည်သူလူထုအပါအဝင် နွေဦးတော်လှန်ရေး အင်အားစုတိုင်း သတိထား ပြင်ဆင်ရမည့်အရေးကိစ္စတစ်ရပ် ဖြစ်လာနေကြောင်း

နမ်းနိန်းရွာ ဘုန်းကြီးကျောင်းဝန်းအတွင်း အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုဖြစ်စဉ်တွင် အာဏာသိမ်းစစ်ကောင်စီနှင့် လက်အောက်ခံ ပအိုဝ်းပြည်သူ့စစ်(PNO/PNA) တို့ကတစ်ဖက်၊ ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ(PNFC)အပါအဝင် နွေဦးတော်လှန်ရေး အင်အားစုများဘက်မှ တဖက် အပြန်အလှန်စွပ်စွဲချက်များ ထုတ်ပြန်နေကြသည့်တိုင် အချက်အလက်နှင့် သက်သေမှတ်တမ်းများအရ စစ်ကောင်စီတပ်နှင့် အပေါင်းအပါများက ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားနေသည်ဟု ဆိုရပါမည်။

ယခုဖြစ်စဉ်သည် ရှေ့တွင်မြင်တွေ့ခဲ့ရသော စစ်ကောင်စီတပ်များ၏ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်များကို ပြန်လည်အောက်မေ့စေသည်။ ခုခံတော်လှန်ရေးအင်အားစုများအား စစ်ကြောင်းချီ ထိုးစစ်ဆင်ရာ စစ်ကောင်စီတပ်များ၏ စစ်ကြောင်း တစ်လျှောက် မြင်တွေ့ရတတ်သည့် လုပ်ရပ်များကိုလည်း လစ်ဟပြသနေပါသည်။ အရပ်သားပြည်သူများအား အကြောင်းမဲ့ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ဓားစာခံအဖြစ် ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ အရပ်သားပြည်သူပိုင် နေအိမ်များအား အကြောင်းမဲ့မီးရှို့ဖျက်ဆီးခြင်း စသည့်လုပ်ရပ်များကို အတားအဆီးအကန့်အသတ်မဲ့စွာ ကျူးလွန်လေ့ရှိသော စစ်ကောင်စီတပ်များ၏ အပြုအမူများ၊ လုပ်ဆောင်ချက်များကြောင့် နမ်းနိန်းရွာ ဘုန်းကြီးကျောင်းဝန်းအတွင်း အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်စဉ်အား ကျူးလွန်ခဲ့သူ သည် မေးခွန်းထုတ်ဖွယ်မရှိအောင်ပင် ထင်ရှားနေသည်ဟု ကောက်ချက်ချနိုင်ပါသည်။

အာဏာသိမ်းစစ်ကောင်စီအတွက် နယ်မြေထိန်းချုပ်စိုးမိုးနိုင်ရန် မလွယ်ကူတော့သည့် ကရင်နီ(ကယား) ပြည် နယ်တစ်ခွင်နှင့် ရှမ်းနယ်အစပ် မိုးဗြဲ၊ ဖယ်ခုံမြို့နယ်များသည် ဒေသအလိုက် ခုခံတော်လှန်ရေးအင်အားစုများ အားကောင်းသည့်အလျောက် စုစည်းညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်နိုင်မှုများကြောင့် အာဏာသိမ်းစစ်အုပ်စုအနေဖြင့် လေကြောင်းထိုးစစ်အကူနှင့် ဒေသတွင်း ၎င်းတို့နှင့် ပူးပေါင်းလျက်ရှိသည့် ပြည်သူ့စစ်အဖွဲ့ကဲ့သို့ အင်အားစုများကို အသုံးချကာ စစ်မျက်နှာဖွင့်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ စစ်မျက်နှာစစ်တလင်းသည် တနိုင်ငံလုံးအတိုင်းအတာဖြင့် အပြန့်ကျယ်လာနေသည့်အတွက် ပြည်သူလူထုအနေဖြင့် စစ်ရေးအသိ၊ စစ်ရေးသတိကြီးစွာဖြင့် ထားရှိရန် လိုအပ်ပါသည်။ တစ်ဖက်တွင်လည်း စစ်အုပ်စုနှင့် အပေါင်းအပါများက ထုတ်လွှင့်လာ မည့် လူမျိုးရေး၊ ဘာသာ ရေးပဋိပက္ခများ၏ လောင်စာများဖြစ်သော ဝါဒဖြန့်အမုန်းစကားများ၊ အမုန်းတရားများကို အသိတရားဖြင့် သတိထားဆင်ခြင်ရှောင်ခြားကြရမည်ဖြစ်သည်။

နမ်းနိန်းရွာ ဘုန်းကြီးကျောင်းဝန်းအတွင်း အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှုအတွက် ကျူးလွန်သူတရားခံအမှန်များ လိုအပ်သည်။ သတ်ဖြတ်ခံခဲ့ရသော သံဃာတော်များနှင့် အရပ်သားပြည်သူများအတွက် တရားမျှတမှုရရှိရေး လိုအပ်သည်။ စစ်ရေးပဋိပက္ခများအတွင်း ကျဆုံးသွားသော အမှန်တရားတိုင်းအတွက် တရားမျှတမှုကို ရှာဖွေပြီး ကျူးလွန်သူများအား တာဝန်ခံစေရေး ကြိုးပမ်းရမည်ဖြစ်သည်။ နမ်းနိန်းရွာဖြစ်စဉ်ကဲ့သို့ အသစ် အသစ်သော အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှုများ ထပ်မဖြစ်စေရေးအတွက် ပြည်သူလူထုအပါအဝင် နွေဦးတော်လှန်ရေးအင်အားစုတိုင်း သတိထားပြင်ဆင်ရမည့် အရေးကိစ္စတစ်ရပ်ဖြစ်လာနေကြောင်း ရှုမြင်မိပါသည်။

# Weekly HighLight Quote



"

ဖိုဝါဒကို အဆုံးမသတ်နိုင်ဘူးဆိုလို့ရှိရင်
ကျွန်မတို့ပြောနေတဲ့
တကယ့်ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု၊
တကယ့်ငြိမ်းချမ်းရေးတရားမျှတရေးကို
အာမခံနိုင်တဲ့၊ တန်းတူညီမျှရေးကို
အာမခံနိုင်တဲ့ ဖက်ဒရယ်ဒီမိုကရေစီ
ပြည်ထောင်စုရရှိဖို့ဆိုတာ
အရမ်း အလှမ်းဝေးတယ် ...

"

မနာင်းမို့မို့
(WLB အထွေထွေအတွင်းရေးမှူး)

၂၀၂၃ ခုနှစ် မတ်လ ၁၀ရက်၊
BNI-Myanmar Peace Monitor တွင်
ဖော်ပြခဲ့သော "အမျိုးသမီးများအဖွဲ့ချုပ်
(မြန်မာနိုင်ငံ) – WLB အထွေထွေအတွင်းရေးမှူး
နာင်းမို့မို့နှင့် အမေးအဖြေ" မှ
ကောက်နှုတ်ထားခြင်းဖြစ်သည်။

# အပိုင်း ၂

## တစ်ပတ်အတွင်း ဘာတွေဖြစ်ခဲ့သလဲ

BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ မတ်လ ၈ ရက် မှ ၁၄ ရက် အတွင်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့် မြို့ပြဒေသအလိုက်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF)များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း(ERO)များအကြား တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၄၁ ရက်ရှိခဲ့ပါသည်။ တိုင်းနှင့်ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက ကယားပြည်နယ်သည် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၉ ရက် အထိ ရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့ပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှု အခြေအနေများကို ကောက်ယူ မှတ်တမ်းပြုရာတွင် မြို့နယ်အလိုက် ရက်ဖြင့်သာ မှတ်တမ်းတင်ထားသည့်အတွက် အကြိမ်ရေအားဖြင့်မူ ယခုထက်ပိုမို များပြားနိုင်ပါသည်။




**၄၁ ရက်**

တစ်ပတ်အတွင်း
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း




စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သားသေဆုံးမှု
မတ် ၈ - ၁၄ - ၂၀၂၃
၁၀၉
စစ်ကောင်စီတပ်သားသေဆုံးမှု
၆
ပြည်သူ့ကာကွယ်ရေးတပ်သား သေဆုံးမှု
၄၉
အရပ်သားသေဆုံးမှု
55
50
45
40
35
30
25
20
15
10
5
0
၂၄
၁၉
၃၂
၄
၁၉
၂
၂
၁၈
၆
၃
၆
၆
၁
၆
၄
၃
၂
၂
၁
၃
၁
ချင်း
ရှမ်း
စစ်ကိုင်း
ကယား
မွန်
ပဲခူး
ကရင်
တနင်္သာရီ
မကွေး
မန္တလေး
ကချင်
ရန်ကုန်
စစ်ကောင်စီတပ်သား
ပြည်သူ့ကာကွယ်ရေးတပ်သား
အရပ်သား


၃၄၃၀၀
စစ်ဘေးရှောင်အရေအတွက်
(မတ် - ၈ - ၁၄ - ၂၀၂၃)
၂၀၀၀၀
၅၀၀၀
၅၀၀၀
၃၀၀၀
၁၃၀၀
ကယား
မကွေး
ရှမ်း
တနင်္သာရီ
ပဲခူး




# စစ်ကိုင်းတိုင်း

ယင်းမာပင်မြို့နယ်၊ ဘန့်ဘွေးကျေးရွာတွင် အထိုင်ချထားသည့် စစ်ကောင်စီတပ်နှင့် ပျူစောထီးအဖွဲ့တို့သည် မတ်လ ၈ ရက် ညနေပိုင်းက နဘူးတောကျေးရွာအတွင်းသို့ ဝင်ရောက်ခဲ့စဉ် ရွာအပြင်တွင် ရှိနေသော ထန်းတက်သမားတစ်ဦးဖြစ်သူ အသက် ၃၅ နှစ်အရွယ် ကိုဇော်မင်းအား သေနတ်ဖြင့် အကြောင်းမဲ့ ပစ်သတ်ခဲ့ကြပါသည်။ ထို့ပြင် ကိုဇော်မင်းပစ်သတ်ခံရသည်ကို ကိုယ်တိုင်မြင်တွေ့ခဲ့ရသည့် အသက် ၆၀ ကျော်အရွယ် ထန်းတက်သမား ဦးမြအေးမှာလည်း ထန်းပင်ပေါ်မှ ရုတ်တရက်ပြုတ်ကျ သေဆုံးခဲ့ပါသည်။

မတ်လ ၁၀ ရက်တွင် ကနီမြို့နယ်၊ မုံရွာ- ယာကြီးလမ်းပိုင်း ( ၂၃ ) မိုင်အနီးတောစပ်တစ်နေရာတွင် အသတ်ခံထားရသည့် အမည်မသိ အမျိုးသမီးတစ်ဦးနှင့် ကလေးတစ်ဦး၏ ရုပ်အလောင်းများကို ဒေသခံများက တွေ့ရှိခဲ့ကြပါသည်။ သေဆုံးသူနှစ်ဦးမှာ သားအမိများဖြစ်ပြီး၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများ၏ ဖော်ထုတ်ချက်အရ အသတ်ခံထားရသည့် အမျိုးသမီးမှာ အဓမ္မပြုကျင့်ခံထားရပြီး လည်ပင်းညှစ်၍ အသတ်ခံထားရခြင်း ဖြစ်ကြောင်း ၊ ခန္ဓာကိုယ်တွင်လည်း ထိခိုက်ဒဏ်ရာ အချို့ရှိနေကြောင်းသိရပါသည်။ ထို့ပြင် အသတ်ခံရသည့် ကလေးတွင်လည်း လည်ပင်းတွင် ညိုမဲဒဏ်ရာများနှင့်အတူ ဦးခေါင်းဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ကြပါသည်။

မုံရွာ၊ ဝက်လက်၊ ဆားလင်းကြီးနှင့် ပုလဲမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ဒေသအလိုက် PDF တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၉ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် မတ်လ ၁၃ ရက်နေ့က ခင်ဦးမြို့နယ်၊ သံဘိုကျေးရွာအနီးတွင် စစ်ကောင်စီတပ်ကို ကင်းထောက်ရန်သွားသည့် ဒေသခံကာကွယ်ရေးတပ်ဖွဲ့ဝင် ၂ ဦး စစ်ကောင်စီတပ်၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။ မတ်လ ၈ ရက်နေ့က စစ်ကောင်စီတပ်၏ ပစ်ခတ်မှုကြောင့် ယင်းမာပင်မြို့နယ်၊ နဘူးတောရွာမှ ဒေသခံ ၂ ဦး သေဆုံးခဲ့သည်။









# ကချင်ပြည်နယ်

စစ်ကောင်စီတပ် အင်အား ၅၀ ခန့်သည် စစ်ကားများဖြင့် ဖားကန့်မြို့နယ် မော်ဝမ်းရပ်ကွက်တွင်းဝင်ရောက်လာပြီး အမျိုးသား ၇ ဦးအား PDF ထောက်ပို့လုပ်သည်ဟု စွပ်စွဲကာ စစ်ကောင်စီတပ်မှ ဖမ်းဆီးခဲ့ပါသည်။ အဖမ်းခံရသူများမှာ ကိုမျိုးသန့် (ဆံသဆရာ)၊ ကိုဖိုးချမ်း၊ ဦးဖုလမ်ခိုင်၊ ဦးချစ်ခိုင်၊ ဦးကျော်မြင့်၊ ဦးနောင်နောင် (ခ) ဦးဖြိုးကျော်၊ ဦးအောင်ဇေယျတို့ဖြစ်ကြောင်း သိရပါသည်။

မတ်လ ၁၁ ရက်ကလည်း ဖားကန့်မြို့နယ်ဖားပြင်ကျေးရွာရှိ ရိုးရာယဉ်ကျေးမှုရုံးတွင် အစည်းအဝေးလုပ်ရန် ပြင်ဆင်နေသည့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) ၊ PDF တပ်ဖွဲ့ဝင် ၄ ဦးနှင့် အရပ်သားပြည်သူ ၅ ဦးတို့အား စစ်ကောင်စီတပ်မှ ဖမ်းဆီးခဲ့ပါသည်။ ဆွမ်ပရာဘွမ့်မြို့နယ် ခင်ဒူယန်တွင် စစ်ကြောင်းထိုးဝင်ရောက်လာသည့် စစ်ကောင်စီတပ်ဖွဲ့မှ ကျေးရွာပြည်သူ ၂ ဦးအား မတ်လ ၁၃ ရက်က လူသာဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားပါသည်။

ဆွမ်ပရာဘွမ့်နှင့် ပူတာအို မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)တို့ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ မတ်လ ၁၀ ရက်နေ့က ဖားကန့်မြို့ပြင် လမ်းဘေးတစ်နေရာတွင် ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသား ၂ ဦး အမည်မသိလက်နက်ကိုင်အဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ ထို့အပြင် မတ်လ ၁၂ ရက်နေ့က စစ်ကောင်စီ လက်အောက်ခံ ဖားကန့်မြို့နယ်၏ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဒု – ဦးစီးမှူး ဦးမြင့်လွင်ဆိုသူသည် အမည်မသိလက်နက်ကိုင်အဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။




Myanmar Peace Monitor




# မကွေးတိုင်း

ပခုက္ကူမြို့နယ်တွင် မတ်လ ၁၀ ရက်က စိတ်ကျန်းမာရေးချို့တဲ့သူ တစ်ဦးအား စစ်ကောင်စီတပ်သားများမှ ဝိုင်းရိုက်ခဲ့ကြပါသည်။ အရိုက်ခံသူသည် ပခုက္ကူမြို့နယ်၊ မြို့စိုးကျေးရွာမှ၊ အသက် ၃၀ အရွယ် ဦးအောင်ခိုင်ဆိုသူဖြစ်ပြီး၊ လမ်းဘေးတွင် အိပ်ပျော်နေစဉ် စစ်ကောင်စီတပ်သား ၁၀ ဦးခန့်မှ ဝိုင်းရိုက်ခဲ့ခြင်းဖြစ်ပါသည်။

မတ်လ ၉ ရက်က ပေါက်မြို့နယ်၊ ညောင်ဂန်း (မြောက်စု)၊ (တောင်စု)၊ ရွာသာအေးနှင့် ဂက်မီးကျေးရွာများအတွင်းသို့ စစ်ကောင်စီတပ်ဘက်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ခြင်းကြောင့် အမျိုးသမီး ၂ ဦး သေဆုံးကာ PDF ရဲဘော် တစ်ဦးအပါအဝင် ပြည်သူအများအပြား ဒဏ်ရာရရှိခဲ့ပါသည်။

စစ်ကောင်စီတပ်မှ လက်နက်ကြီးလက်နက်ငယ်များဖြင့် ပစ်ခတ်ပြီး စစ်ကြောင်းထိုးခြင်းကြောင့် ကျေးရွာ ၈ ရွာခန့်မှ ဒေသခံပြည်သူ ၅၀၀၀ ကျော်သည် ဘေးလွတ်ရာသို့ တိမ်းရှောင်နေရပြီး စစ်ရှောင်ပြည်သူများ၏ စားဝတ်နေရေးကို နီးစပ်ရာကျေးရွာများမှ ကူညီကျွေးမွေးနေကြရပါသည်။

ပခုက္ကူ၊ မင်းတုန်း၊ ပေါက်နှင့် မြိုင်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၃ ဦး ကျဆုံးခဲ့သည်။ မတ်လ ၉ ရက်နေ့က ပေါက်မြို့နယ်တွင် စစ်ကောင်စီတပ်မှ လက်နက်ကြီးလက်နက်ငယ်များဖြင့် ပစ်ခတ်ပြီး စစ်ကြောင်းထိုးတာကြောင့် ဒေသခံ အမျိုးသမီး ၂ ဦး သေဆုံးခဲ့ပြီး ကျေးရွာ ၈ ရွာမှ ဒေသခံပြည်သူ ၅၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။






# မန္တလေးတိုင်း

မန္တလေးမြို့မှ ဇလုံကြီးဟင်းအနှစ်ထုပ် ထုတ်လုပ်သည့် ချမ်းအေးသာစံမြို့နယ်၊ ၆၆ လမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြားရှိ ရွှေဂဏန်းစားသောက်ဆိုင်အတွင်းသို့ စစ်ကောင်စီတပ်သားများ ဝင်ရောက်မွှေနှောက်ရှာဖွေကာ ထုတ်လုပ်သူလုပ်ငန်းပိုင်ရှင်အား ဖမ်းဆီးခဲ့ပါသည်။ စစ်ကောင်စီတပ်သားများ ပင်ရင်းဆိုင်နှင့်အတူ ဆိုင်ခွဲများကိုလည်း ဝင်ရောက်ဖမ်းဆီးခဲ့ပြီး၊ ဇလုံကြီးဟင်းအနှစ်ထုတ်များအား စစ်အာဏာရှင်တော်လှန်ရေးတွင် နာမည်ကြီးသော ပန်ဆယ်လို၏ အမေရိကရှိ ကုန်စုံဆိုင်တွင် တင်ရောင်းနေပြီး၊ PDF များအတွက် အလွန်အဆင်ပြေ၍ လိုအပ်သည့် စစ်ဆေးအရေးယူမှုများ ပြုလုပ်ရန်ဟုဆိုကာ စစ်တပ်လော်ဘီဟန်ငြိမ်းဦး၏ တယ်လီဂရမ်ချန်နယ်တွင် ဖြန့်ဝေခဲ့ပြီးနောက် မိနစ်အနည်းငယ်အကြာတွင် စစ်ကောင်စီသားများမှ ဝင်ရောက်ဖမ်းဆီးခဲ့ခြင်းဖြစ်ပါသည်။

မလှိုင်မြို့နယ် ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌဟောင်းဖြစ်သူ ရဲဘော်တစ်ဦးအား မလှိုင်မြို့နှင့် မိတ္ထီလာမြို့ကြားတွင် ၂၀၂၂ ခုနှစ် မတ်လ ၇ ရက်က စစ်ကောင်စီတပ်မှ မတရားဖမ်းဆီး ချုပ်နှောင်ခဲ့ပြီးနောက် တစ်နှစ်ကျော်ကြာမြင့်သည်အထိ အဆက်အသွယ် ပြတ်တောက်နေကြောင်း သိရပါသည်။ ဖမ်းဆီးခံရစဉ် မိတ္ထီလာခြေမြန်တပ်မ ၉၉ ထံသို့ ခေါ်ဆောင်သွားပြီးနောက် ရက်ပေါင်း ၂၀ ကျော်အကြာတွင် မိသားစုနှင့် အဆက်သွယ်အချို့ ရရှိခဲ့သော်လည်း ၂၀၂၂ ခုနှစ် ဧပြီလ ၂ ရက်မှစတင်ကာ တပ်ထဲမှ ထောင်ထဲသို့ လွှဲပြောင်းလိုက်ပြီဆိုသည့် သတင်းမှလွဲ၍ အဆက်အသွယ်ပြတ်တောက်သွားခြင်းဖြစ်ပါသည်။

မတ္တရာနှင့် သပိတ်ကျင်းမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၂ ဦး ကျဆုံးခဲ့သည်။ မတ်လ ၁၄ ရက်နေ့က မတ္တရာမြို့နယ်တွင် လ.ဝ.က ဦးစီးမှူး ကျော်နိုင်ဦး ဆိုသူသည် အမည်မသိ လက်နက်ကိုင်အဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။



# ကရင်ပြည်နယ်

ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဘုရားသုံးဆူမြို့အနီးရှိ ကြံတောကျေးရွာတွင် အသက် ၁၈ နှစ်အရွယ် မခိုင်သဇင်ထွေး(ခ) မမွန်ချမ်းသည် မတ် ၁၂ ရက် နံနက်ပိုင်းက နေအိမ်မှ ဆိုင်ကယ်ဖြင့် ထွက်သွားခဲ့ပြီး မတ်လ ၁၃ရက် ညနေ ၄နာရီခန့်အချိန်တွင် ကြံတောကျေးရွာ ရော်ဘာခြံတစ်ခုအနီးတွင် သေဆုံးလျှက် ပြန်လည်တွေ့ရှိခဲ့ပါသည်။

ဘားအံခရိုင်၊ ပိုင်ကျုံမြို့နယ် ကစိုနှင့် ရသေ့ကုန်းကျေးရွာအနီးတွင် မတ်လ ၉ ရက်က ဖြစ်ပွားခဲ့သော နယ်ခြားစောင့်တပ်-BGF ခေါင်းဆောင် ဗိုလ်ချုပ်ဖားနှီးသားဖြစ်သူ၏ယာဉ် မိုင်းဆွဲခံရမှုဖြစ်စဉ်နှင့်ပတ်သက်၍ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-KNLAမှ အရာရှိတစ်ဦးအပါအဝင် ၄ ဦးအား BGF အဖွဲ့မှ ဖမ်းဆီးခဲ့ပါသည်။ ဖမ်းဆီးခံရသူများတွင် ၎င်းကျေးရွာအနီး ရော်ဘာခြံတွင် နေထိုင်သူ စစ်မှုထမ်းဟောင်း တစ်ဦးအပါအဝင် လမ်းသွားလမ်းလာ ဒေသခံအမျိုးသမီးတစ်ဦး၊ အမျိုးသားတစ်ဦးနှင့် ယောက္ခမဖြစ်သူ နေမကောင်းသဖြင့် လာရောက်ကြည့်ရှုသော KNLA တပ်ရင်း ၁၉ မှ အရာရှိတစ်ဦးတို့ ပါဝင်ခဲ့ပါသည်။




မတ်လ ၈ ရက်နေ့မှစတင်၍ မတ်လ ၁၁ ရက်နေ့ အထိ ဖာပွန်ခရိုင်အတွင်း စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ပူးပေါင်းတပ်ဖွဲ့ တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၆ ဦး သေဆုံးခဲ့သည်။






# ပဲခူးတိုင်း




တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း

၀ - ၀

၀ - ၁

ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်၊ လူအကျေးရွာကို မတ်လ ၁၁ ရက်က စစ်ကောင်စီတပ်မှ ဒရုန်းဖြင့် လက်နက်ကြီး ပစ်ချခြင်းကြောင့် ကလေးတစ်ဦးအပါအဝင် ပြည်သူ ၂ ဦးထိမှန်ခဲ့ပြီး ဒေသခံပြည်သူ ၁၃၀၀ ကျော် ထွက်ပြေးတိမ်းရှောင်နေရပါသည်။ ဒဏ်ရာရရှိသူများမှာ အသက် ၁၄ နှစ်အရွယ် စောအယ်ခူစိုးနှင့် အသက် ၄၅ နှစ်အရွယ် စောပြည့်စုံတို့ ဖြစ်ကြပါသည်။

ပေါင်းတည်မြို့နယ်နှင့် ကဂဝမြို့နယ်မှ ပျူစောထီးခေါင်းဆောင် ၂ ဦးအား ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များမှ နန်းထိုက်အောင် စစ်ဆင်ရေးအဖြစ် ရှင်းလင်းခဲ့ပါသည်။ မတ်လ ၁၀ ရက်တွင် ပေါင်းတည်မြို့နယ်၊ လက်ပံခုံရွာအနီးရှိ မြေနီလမ်းမကြီးတွင် စစ်ကောင်စီလမ်းပြ သတင်းပေး ပျူစောထီးခေါင်းဆောင်ဆိုသူ ဦးအောင်ဝင်းဌေးအား ပစ်ခတ်ရှင်းလင်းခဲ့ပြီး၊ ကဝမြို့နယ်၊ သရက်ကုန်းဈေးတွင် ပျူစောထီးခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးတင်မြင့်အောင်အား ဆက်ကြေးကောက်ခံနေစဉ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များမှ ဝင်ရောက်ပစ်ခတ်ရှင်းလင်းခဲ့ပါသည်။

မတ်လ ၉ ရက်နေ့က အုတ်ဖိုမြို့နယ်၊ ထန်းပင်ကုန်းကျေးရွာရှိ ရာအိမ်မှူး ဦးမျိုးဝင်းနေအိမ်မှာ တပ်စွဲထားသည့် စစ်ကောင်စီတပ်ဖွဲ့ဝင်တွေကို ပြည်သူ့ကာကွယ်ရေးတပ်မှ ဝင်ရောက်ပစ်ခတ် တိုက်ခိုက်ခဲ့သည်။ ထို့အပြင် မတ်လ ၁၀ ရက်နေ့က ပျူစောထီးခေါင်းဆောင်များဖြစ်ကြသည့် ကဝမြို့နယ်၊ သရက်ကုန်းကျေးရွာမှ ဦးတင်မြင့်အောင်နှင့် ပေါင်းတည်မြို့နယ်၊ သစ်ပုတ်ကျေးရွာမှ ဦးအောင်ဝင်းဌေးကို ပြည်သူ့ကာကွယ်ရေးတပ်မှ ပစ်ခတ်ရှင်းလင်းခဲ့သည်။ မတ်လ ၁၂ ရက်နေ့က ပြည်မြို့ရှိ စစ်ဘက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ရုံးမှာ ဗုံးပေါက်ကွဲပြီး စစ်ကောင်စီတပ်သား ၄ ဦး သေဆုံးခဲ့သည်။ မတ်လ ၁၁ ရက်နေ့မှ စတင်၍ ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်ကို စစ်ကောင်စီတပ်က လက်နက်ကြီးပစ်ခတ်ပြီး စစ်ကြောင်းထိုး ဝင်ရောက်လာသည့်အတွက် ဒေသခံပြည်သူ ၁၃၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။






# ရှမ်း (သျှမ်း) ပြည်နယ်

ပင်လောင်းမြို့နယ်၊ နမ်းနိန်းကျေးရွာရှိ ဘုန်းကြီးကျောင်းတွင် စစ်ဘေးရှောင်နေကြသည့် စစ်ရှောင်ပြည်သူများနှင့် ဘုန်းကြီးများကို စစ်ကောင်စီတပ်က အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ပြီး၊ အလောင်း ၂၈ လောင်းတွေ့ရှိခဲ့ကြောင်း Karenni Nationalities Defense Force-KNDF မှ ထုတ်ပြန်ခဲ့ပါသည်။ မတ်လ ၁၁ ရက်တွင် စစ်ကောင်စီတပ်သည် ပင်လောင်းမြို့နယ်ရှိ နမ်းနိန်းကျေးရွာအနီး ပတ်ဝန်းကျင်ကို တိုက်လေယာဉ်နှင့် လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခတ်ခဲ့သည့်အပြင် ကျေးရွာအတွင်းသို့ စစ်ကောင်စီတပ်သားများ ဂင်ရောက်ခဲ့ပြီး ဘုန်းကြီးကျောင်းအတွင်း ခိုလှုံနေသည့် ရွာသား ၃၀ ဦးနှင့် ဘုန်းကြီး သုံးပါးတို့အား ခိုအောင်းနေရာမှ ထွက်စေခဲ့ကာ ကျောင်းနံရံရှေ့တွင် ရက်စက်စွာ သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

မတ်လ ၁၄ ရက်တွင် ကျောက်မဲမြို့နယ် ခိုယောင်းကျေးရွာမှ အမျိုးသားနှစ်ဦး မိုင်းနင်းမိပြီး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြပါသည်။ ဖြစ်စဉ်မှာ ကျေးရွာနှင့် တစ်မိုင်ခန့်ဝေးကွာသော ချောင်းအတွင်း ငါးမျှားသွားရမှ မိုင်းနင်းမိခဲ့ခြင်းဖြစ်ကြောင်း၊ မိုင်းဒဏ်ရာရရှိခဲ့သူများမှာ အသက် ၂၈ နှစ်အရွယ် စိုင်းလိန်နှင့် အသက် ၁၉ နှစ်အရွယ် စိုင်းအိုက်လမ်တို့ ဖြစ်ကြပါသည်။

ဖယ်ခုံ၊ ပင်လောင်း၊ လားရှိုးနှင့် မိုင်းရယ်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ရှမ်းပြည်တပ်မတော်(SSPP/SSA)၊ ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်တို့တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၉ ဦး သေဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၄ ဦး ကျဆုံးခဲ့သည်။ စစ်ကောင်စီတပ် ပစ်ခတ်မှုကြောင့် ပင်လောင်း၊ ဖယ်ခုံနှင့် ညောင်ရွှေမြို့နယ်များမှ ဒေသခံ ၃၂ ဦး သေဆုံးခဲ့သည်။ မတ်လ ၉ ရက်နေ့မှစတင်ပြီး ပင်လောင်းမြို့နယ်၊ ဆောင်းပြောင်းကျေးရွာ အနီးတဝိုက်တွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲပြင်းထန်နေသောကြောင့် ဒေသခံပြည်သူ ၅၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။









# ကရင်နီ (ကယား) ပြည်နယ်

ဘောလခဲမြို့မှ ဒီးမော့ဆိုမြို့ အရှေ့ဘက်ခြမ်းရှိ ဒေါ်တမကြီးအုပ်စုဖက်သို့ အင်အား ၇၀ ခန့်နှင့် စစ်ကြောင်းထိုးလာသည့် စစ်ကောင်စီတပ်သည် လမ်းသွားလမ်းလာ အမျိုးသမီးနှင့် ကလေးငယ်များအပါအဝင် အရပ်သားပြည်သူ (၁၄) ဦးအား လမ်းပြအဖြစ် ဖမ်းဆီးခေါ်ဆောင်ခဲ့ပါသည်။

ဖရူဆိုမြို့နယ်အတွင်း တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ မတ်လ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် စစ်ကောင်စီတပ်မှ လက်နက်ကြီးပစ်ခတ်မှုကြောင့် အသက် ၃၀ ဝန်းကျင် ဒေသခံ အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ စစ်ကောင်စီတပ်သည် ဖရူဆိုမြို့နယ် အရှေ့ဘက်ကျေးရွာများကို လက်နက်ကြီး ၁၀ လုံးထက်မနည်း ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး နေအိမ်များလည်း ပျက်စီးခဲ့ပါသည်။

ပြင်းထန်သည့် တိုက်ပွဲများကြောင့် ဒီးမော့ဆိုမြို့နယ် အရှေ့ခြမ်းတွင် စစ်ရှောင်ဦးရေ နှစ်သောင်းကျော်အနက် ငါးထောင်ကျော်သည် တိုက်ပွဲအတွင်း ပိတ်မိနေပြီး၊ ထပ်မံတိမ်းရှောင်နေရသူများမှာလည်း နေရာထိုင်ခင်း၊ စားနပ်ရိက္ခာ၊ ဆေးဝါးများ အရေးပေါ်လိုအပ်နေကြပါသည်။

ရှားတော၊ ဘောလခဲနှင့် ဒီးမော့ဆိုမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်နီတပ်မတော်(KA)၊ ကရင်နီ ဒေသခံ ကာကွယ်ရေး ပူးပေါင်း တပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၈ ဦး သေဆုံးခဲ့သည်။ လက်ရှိ တိုက်ပွဲပြင်းထန်နေသည့် ဒီးမော့ဆိုမြို့နယ် အရှေ့ဘက်ခြမ်းတွင် ဒေသခံ ၂၀၀၀၀ ဝန်းကျင် အထိ စစ်ဘေးရှောင်နေရသည်။









# တနင်္သာရီတိုင်း

ရေဖြူမြို့နယ်၊ ကလိန်အောင်မြို့တွင် ဆိုင်ကယ်စီးလာသည့် အမျိုးသမီးငယ် ၂ ဦးကို စစ်ကောင်စီတပ်သားများမှ ဖမ်းဆီးခဲ့ကာ စစ်ကြောရေးသို့ ပို့ဆောင်ခဲ့ကြောင်းသိရပါသည်။ ဖြစ်စဉ်မှာ ဖမ်းဆီးခံရသော ဇင်းဘာကျေးရွာမှ အသက် ၁၇ နှစ်အရွယ် မကေသီသီလင်းနှင့် ကျောက်ရှပ် (နွယ်လီ)ကျေးရွာမှ အသက် ၁၈ နှစ် အရွယ် မသက်မြတ်နိုးတို့ နှစ်ဦးသည် ဖုန်းဝယ်ပြီးအပြန်၊ ကလိန်အောင်တံတားအကျော်တွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ပါသည်။

မတ်လ ၁၀ ရက်တွင် လောင်းလုံးမြို့နယ်၊ ပညစ်ကျေးရွာထဲသို့ စစ်ကောင်စီတပ်သားများမှ သေနတ်ပစ်ခတ်ပြီး ဝင်ရောက်ခဲ့ကာ နေအိမ် ၅ လုံးကိုလည်း မီးရှို့ဖျက်ဆီးခဲ့သဖြင့် ဒေသခံများထွက်ပြေးတိမ်းရှောင်နေကြရပါသည်။

ပုလောမြို့နယ်၊ ကျောင်းနိမ့်ကျေးရွာတွင် မတ်လ ၈ ရက်က တိုက်မိုင်းထိပြီး ဒေသခံပြည်သူ ၂ ဦး သေဆုံးကာ ၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ဖြစ်စဉ်မှာ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များမှ တားမြစ်နယ်မြေပြုလုပ်ထားသည့် နေရာသို့ ဒေသခံများမှ ငါးဝင်ဖမ်းစဉ် တိုက်မိုင်းပေါက်ကွဲခဲ့ခြင်းဖြစ်ပါသည်။

လောင်းလုံ၊ တနင်္သာရီနှင့် ကျွန်းစုမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၆ ဦး သေဆုံးခဲ့သည်။ မတ် ၅ ရက်နေ့က စစ်ကောင်စီတပ်ကို မကြာခဏ သတင်းပေးနေသည့် ကျွန်းစုမြို့နယ်၊ မြိုင်သာယာကျေးရွာနေ အမျိုးသမီးတဦးကို ပြည်သူ့ကာကွယ်ရေးတပ်မှ ပစ်ခတ် ရှင်းလင်းခဲ့သည်။ ပုလောမြို့နယ်၊ ကျောင်းနိမ့်ရွာမှာလည်း မတ်လ ၈ ရက်က ဒေသခံပြည်သူ ၂ ဦး မိုင်းထိပြီး သေဆုံးခဲ့သည်။ ထို့အပြင် မတ်လ ၁၀ ရက်နေ့က တနင်္သာရီမြို့နယ်၊ လယ်သစ်ကျေးရွာမှာ စစ်ကောင်စီတပ် လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ကလေးငယ် ၁ ဦး သေဆုံးခဲ့ပြီး ဒေသခံ ၃၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။









# မွန်ပြည်နယ်

သထုံမြို့နယ်၊ ကျုံမိန်ကျေးရွာထဲသို့ တိုက်ပွဲမရှိဘဲ စစ်ကောင်စီတပ်မှ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ကလေးငယ် ၂ ဦး သေဆုံးပြီး ၂ ဦး ဒဏ်ရာရရှိခဲ့ပါသည်။ သေဆုံးသူများတွင် အသက် ၇ နှစ်အရွယ် မဂင်းဂင်းရီ၊ အသက် ၁၃ နှစ်အရွယ် မောင်ထိပ်ပြောင်နှင့် ဒဏ်ရာရရှိသူများမှာ အသက် ၅၀ နှစ်အရွယ် ဒေါ်မနူးဖိုးနှင့် အသက် ၉ နှစ်အရွယ် စောနော့ဒါးမူတို့ ဖြစ်ကြပါသည်။

ဘီးလင်းမြို့နယ်၊ ဝင်းတာပန်ကျေးရွာထဲသို့ တိုက်ပွဲမရှိဘဲ စစ်ကောင်စီတပ်မှ လက်နက်ကြီးဖြင့် အကြောင်းမဲ့ ပစ်ခတ်မှုကြောင့် ဒေသခံ နေအိမ် ၄ လုံး ထိခိုက်ပျက်စီးခဲ့ပြီး အိမ်မွေးတိရစ္ဆာန်အချို့လည်း ဒဏ်ရာရရှိခဲ့ပါသည်။

ပေါင်မြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်မှ စစ်ကောင်စီတပ်သတင်းပေးဆိုသူတစ်ဦးနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဂင်တစ်ဦးတို့မှာ သေနတ်ဖြင့် ပစ်ခတ်ရှင်းလင်းခံခဲ့ရပါသည်။ မတ်လ ၉ ရက်တွင် သံဖြူဇရပ်မြို့နယ်၊ ကျုံကဒတ်ကျေးရွာမှ စစ်ကောင်စီတပ်သတင်းပေးဆိုသူ ဦးမောင်လေးကြီး (ခ) ဆံရှည်အား အမည်မသိသူများမှ သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ သေဆုံးသူသည် ကြံ့ဖွံ့စည်းရုံးရေးမှူတစ်ဦးဖြစ်ပြီး ဒလန်ဟုလည်း နာမည်ကျော်ကြားနေသူဖြစ်ပါသည်။ ထို့ပြင် မတ်လ ၁၄ ရက်က ပေါင်မြို့နယ်၊ ဇင်းကျိုက်မြို့၊ ဖလပ်ရပ်ကွက်၊ ရန်ကုန်-မော်လမြိုင် ကားလမ်းမပေါ်မှာ ဒီနေ့ မတ် ၁၄ ရက်က စစ်ကောင်စီတပ် လက်အောက်ခံပြည်သူ့စစ်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးကျော်စိုးမိုးအား ဥတ္တံတားကျေးရွာမှ နေအိမ်သို့ ဆိုင်ကယ်ဖြင့် ပြန်လာစဉ် အမည်မသိသူများမှ သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် သေဆုံးခဲ့ပါသည်။

မတ်လ ၁၀ ရက်နေ့က ရေးမြို့နယ်၊ ခံသင်းတံတားအနီးရှိ စစ်ကောင်စီတပ်စခန်း တစ်ခုကို ပြည်သူ့ကာကွယ်ရေးတပ်က ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး စစ်ကောင်စီတပ်မှ ၆ ဦး ကျဆုံးခဲ့သည်။ မတ်လ ၈ ရက်နေ့က သထုံမြို့နယ်၊ ကျုံမိန်ကျေးရွာထဲကို တိုက်ပွဲမရှိဘဲ စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ကလေးငယ် ၂ ဦး သေဆုံးခဲ့သည်။ ထို့အပြင် မတ်လ ၁၄ ရက်နေ့က ပေါင်မြို့နယ်၊ ဇင်းကျိုက်မြို့၊ ဖလပ်ရပ်ကွက်၊ စစ်ကောင်စီလက်အောက်ခံ အုပ်ချုပ်ရေးမှူး ဦးကျော်စိုးမိုးဆိုသူကို ပြည်သူ့ကာကွယ်ရေးတပ်မှပစ်ခတ်ရှင်းလင်းခဲ့သည်။





# ဧရာဝတီတိုင်း

အင်္ဂပူမြို့နယ်၊ မဲဇလီကုန်းမြို့ အထက်တန်းကျောင်းတွင်ပြုလုပ်သည့် စာမေးပွဲအား လုံခြုံရေးယူပေးပြီး ပြန်လာသော ရဲ ၅ ဦးနှင့် ပျူစောထီးတစ်ဦးတို့အား ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များဖြစ်သော စွန်ရဲနီ နွေဦးတော်လှန်ရေး အောင်ဆန်းတပ်ရင်းနှင့် အင်္ဂပူမြို့နယ် ပြည်သူ့ကာကွယ်ရေးအဖွဲ့(ပကဖ)တို့မှ ပူးပေါင်း၍ အမှတ် (၂) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တွင် မတ်လ ၈ ရက်က မိုင်းဆွဲတိုက်ခိုက်ခဲ့ပါသည်။ မိုင်းပေါက်ကွဲမှုကြောင့် မြို့တွင်းနှင့် လမ်းမကြီးများပေါ်တွင် စစ်ကောင်စီတပ်သားများမှ ပိတ်ဆို့စစ်ဆေးမှုများပြုလုပ်ခဲ့ပါသည်။

ဘိုကလေးမြို့တွင် စစ်ကောင်စီတပ်လက်အောက်ခံရဲတပ်ဖွဲ့မှ ဒေသခံပြည်သူများကို ဖမ်းဆီးပြီး ခြိမ်းခြောက်အနိုင်ကျင့်ပြီး ငွေညှစ်နေကြောင်း သိရပါသည်။ ၅၀၅ (က) ဖြင့်တရားစွဲခံရသူများ၏ နေအိမ်များကို ဧည့်စာရင်းစစ်မည်ဟုဆိုကာ အိမ်ထဲထိဂင်ရောက် ရှာဖွေမှုများပြုလုပ်နေပြီး မိသားစုဂင်များကို ဖမ်းခေါ်လေ့ရှိကြောင်း၊ ဖမ်းဆီးခံရသူများအား ငွေကျပ်သိန်း ၄၀ မှ ၅၀ ထိ ပေးမှသာလျှင် ပြန်လည်လွှတ်ပေးကြောင်း သိရပါသည်။



# ရန်ကုန်တိုင်း

တာမွေကြီး ခ ရပ်ကွက်၊ အနောက်မြင်းပြိုင်ကွင်းလမ်း ကျိုက္ကဆံဟစ်တိုင်ရှေ့တွင် မတ် ၁၂ ရက် ည ၁၁ နာရီခန့်က ဒဏ်ရာများဖြင့် သေဆုံးနေသည့် အသက် ၃၈ အရွယ် အမျိုးသားတစ်ဦး၏ ရုပ်အလောင်းကို အငှားယာဉ်တစီးပေါ်မှ လာရောက်စွန့်ပစ်ခဲ့ကြောင်းသိရပါသည်။ သေဆုံးသူအမျိုးသား၏ ရုပ်အလောင်းအား ပရဟိတအဖွဲ့တစ်ခုမှ လူနာတင်ယာဉ်ဖြင့် သင်္ချိုင်းကျွန်းစံပြဆေးရုံကြီးသို့ ပိုင်ရှင်မဲ့အလောင်းအဖြစ် ပို့ဆောင်ခဲ့ကြပါသည်။

မတ်လ ၉ ရက်က တိုက်ကြီးမြို့နယ်၊ လိပ်ကြည့်ရွာအနီး မှော်ဘီ-တိုက်ကြီး ကားလမ်းမပေါ်တွင် မောင်းနှင်နေသော Crown အမျိုးအစား ကားတစီးအား စစ်ကောင်စီတပ်ဖွဲ့မှ ပိတ်ဆို့တားဆီးပြီး ပစ်ခတ်ခဲ့ခြင်းကြောင့် ယာဉ်ပေါ်ပါ အမျိုးသား ၂ ဦး သေဆုံးခဲ့ပါသည်။ ဖြစ်စဉ်မှာ မတ် ၈ ရက်၊ ည ၈ နာရီကျော်ခန့်က စစ်ကောင်စီတပ်ပိုင် အမှတ် ၁၁ ကပစ စက်ရုံကို ရှေ့တိုက်ဒုံးဖြင့် အပစ်ခံရပြီးနောက် စစ်ကောင်စီတပ်မှ မှော်ဘီ - တိုက်ကြီး လမ်းတလျှောက်အား အင်အားသုံး ရှာဖွေစစ်ဆေးခဲ့စဉ် မှော်ဘီဘက်မှ မောင်းလာသည့် ကားတစ်စီးမှာ စစ်ကောင်စီတပ်သားများတားစဉ် မရပ်ပေးသဖြင့် လိုက်လံပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။





# ရခိုင်ပြည်နယ်

ရခိုင်အခြေစိုက်သတင်းဌာနများဖြစ်သော Narinjara သတင်းဌာနနှင့် Border News Agency (BNA) သတင်းဌာနတို့ကို ရခိုင်ပြည်နယ်၏ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် လှုံ့ဆော်ရေးသားနေသည်ဟု စွပ်စွဲကာ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း စစ်ကောင်စီတပ်လက်အောက်ခံ ရခိုင်ပြည်နယ် စစ်ကောင်စီ၏ သွားလာလှုပ်ရှားမှုများကို ဖြန့်ဝေနေသော ရခိုင်နေ့စဉ်စာမျက်နှာတွင် မတ်လ ၁၁ ရက်က ရေးသားခဲ့ပါသည်။ BNA သတင်းဌာနနှင့် Narinjara သတင်းဌာနတို့သည် ရခိုင်ပြည်နယ်အတွင်း စစ်ကောင်စီတပ်မှ ဂိတ်များတိုးချဲ့ဖွင့်လှစ်ခြင်း၊ မလိုအပ်ဘဲ စစ်ဆေးခြင်းနှင့် ငွေကြေးတောင်းခံခြင်းများအကြောင်း သတင်းရေးသားခဲ့ပြီးနောက် ယခုကဲ့သို့ ခြိမ်းခြောက်ခံရခြင်းဖြစ်ပါသည်။

တောင်ကုတ်မြို့နယ်၊ မအီမြို့က စီးပွားရေးလုပ်ငန်းရှင် ၅ ဦးအား စစ်ကောင်စီမှ ရက္ခိုင့်တပ်တော် (အေအေ) နှင့် ဆက်စပ်နေသည်ဟုဆိုကာ မတရားအသင်း ဆက်သွယ်မှု ဥပဒေပုဒ်မ ၁၇ (၁) ဖြင့် အမှုဖွင့်ပြီး ဖမ်းဝရမ်းထုတ်ထားခြင်းကြောင့် တိမ်းရှောင်နေကြရပါသည်။ ဖမ်းဝရမ်းထုတ်ခံရသူများမှာ မအီမြို့ ရပ်ကွက် ၂ မှ ဦးတင်ထွန်းနှင့် ဦးတင်ဝင်း၊ ရပ်ကွက် ၃ မှ ဦးမောင်သိန်းထွန်း၊ ဦးထွန်းဝင်းနှင့် ဦးဇာနည်မင်းတို့ ဖြစ်ကြပါသည်။




# ချင်းပြည်နယ်




တီးတိန်မြို့နယ် ဟိုင်မွလ်ကျေးရွာအနီးတွင် မတ်လ ၁၃ ရက် နံနက်က မိုင်းပေါက်ကွဲမှုဖြစ်ပွားပြီး အရပ်သားပြည်သူ ၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ဖြစ်စဉ်မှာ ဖလမ်းမြို့နယ် ရိခေါဒါရ်မြို့အမှတ် ၂ ရပ်ကွက်မှ တီးတိန်မြို့နယ် Lunmual ကျေးရွာသို့ ဆိုင်ကယ်ဖြင့် အသင်းတော်အစည်းအဝေး တက်ရောက်ရန်သွားကြစဉ် ဟိုင်မွလ်ရွာအနီးတွင် မိုင်းထိမိပေါက်ကွဲမှုဖြစ်ပွားပြီး အမျိုးသား ၂ ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ မတ်လ ၁၂ ရက်တွင် စစ်ကိုင်းတိုင်း၊ ကလေးမြို့မှ တက်လာသော စစ်ကောင်စီတပ်သားများသည် ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်းရှိ စာသင်ကျောင်းအပါအဝင် နေအိမ် ၃ လုံးအား မီးရှို့ဖျက်ဆီးခဲ့ပါသည်။

မတူပီမြို့နယ်တွင် ကားလမ်းပိတ်ထားမှုကြောင့် ပြည်မဘက်မှ ဆန်ဝင်ရောက်နိုင်ခြင်းမရှိပဲ စားနပ်ရိက္ခာပြတ်လပ်ကာ မြို့ခံပြည်သူအများစု စားဝတ်နေရေး အကြပ်အတည်းနှင့် ရင်ဆိုင်နေကြရပါသည်။ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ထားသော မတူပီမြို့တွင် စစ်ကောင်စီဘက်က ပြည်မဘက်နှင့်ဆက်သွယ်သော မတူပီ-ဂန့်ဂေါ၊ မတူပီ-မင်းတပ် ကားလမ်းများကို လနှင့်ချီ ပိတ်ထားသောကြောင့် ကုန်တင်ကား အဝင်အထွက်မရှိတော့ဘဲ စားနပ်ရိက္ခာများ ပြတ်လပ်နေခြင်းဖြစ်ပါသည်။

ပလက်ဝ၊ တီးတိန်နှင့် ကန်ပက်လက်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ချင်းဒေသခံကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၈ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် မတ်လ ၁၁ ရက်နေ့က ကလေးမြို့မှ ချင်းပြည်နယ် ဖလမ်းဘက်သို့ ဦးတည်လာသော စစ်ကောင်စီတပ် မိုင်းဆွဲတိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား ၆ ဦး သေဆုံးခဲ့သည်။



## နိုင်ငံတကာစာမျက်နှာ



မြန်မာစစ်အာဏာရှင်များသည် ဒီမိုကရက်တစ်အတိုက်အခံများကို ဖိနှိပ်ရန် ဆိုရှယ်မီဒီယာများကို လက်နက်ကဲ့သို့ အသုံးချနေပြီး အွန်လိုင်းအကြမ်းဖက်မှုများ ဆောင်ရွက်နေကြောင်း မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် တွမ်အန်ဒရူးစ်အပါအဝင် ကုလသမဂ္ဂကျွမ်းကျင်သူများက မတ်လ ၁၃ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့ကြပါသည်။

ထို့ပြင် လူမှုကွန်ယက်တစ်ခုဖြစ်သော တယ်လီဂရမ်ကိုလည်း မြန်မာစစ်အာဏာရှင်လက်အောက်ခံ အမျိုးသမီးမုန်းတီးရေးသမားများနှင့် အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့(မဘသ)များ၏ အွန်လိုင်းအကြမ်းဖက်မှုများ အသုံးမပြုနိုင်အောင် တားဆီးရန် ကုလသမဂ္ဂကျွမ်းကျင်သူ ပညာရှင်များမှ တိုက်တွန်းခဲ့ကြပါသည်။

စစ်တပ်ထောက်ခံသူများသည် ဆိုရှယ်မီဒီယာများအသုံးပြုပြီး ဒီမိုကရေစီအရေးလှုပ်ရှားသူနှင့် လူ့အခွင့်အရေး ကာကွယ်သူများကို အကြမ်းဖက်နှိပ်ကွပ်ရန် အွန်လိုင်းပေါ်တွင် ရေးသားတိုက်ခိုက်မှုများမှ အပြင်လောကတွင်လည်း အမှန်တကယ်အကြမ်းဖက်မှုများ ဖြစ်လာနေကြောင်း၊ အမျိုးသမီးများကို အသရေဖျက်ဂုဏ်သိက္ခာချရန်အတွက် အမုန်းစကားများ၊ လိင်ပိုင်းဆိုင်ရာစော်ကား ရေးသားမှုများနှင့် ခွဲခြားနှိမ့်ချသတင်းဖြန့်မှုများကို ဆိုရှယ်မီဒီယာများတွင် လုပ်ဆောင်နေကြကြောင်း ထုတ်ပြန်ချက်တွင် ရေးသားထားပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာတွင် အရပ်သားပြည်သူ အသေအပျောက် ဒုတိယ အများဆုံးနိုင်ငံဖြစ်နေပြီး မြန်မာပြည်သူလူထုအနေဖြင့် ထိရောက်သည့် တိုးတက်ပြောင်းလဲလာမှုကို အမြန်ဆုံးလိုအပ်နေကြောင်း ကုလသမဂ္ဂဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ် ဘာဘရာဝုဒ်ဝ့ဒ်က ပြောကြားခဲ့ပါသည်။

မြန်မာအာဏာသိမ်းစစ်ကောင်စီတပ်ကို တာလီဘန်များနည်းတူ ကမ္ဘာ့အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ပေးရန် မတ်လ ၁၄ ရက်က အမေရိကန်ပြည်ထောင်စုနယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်တွင် ကျင်းပသော မြန်မာ့ရေးတံခါးပိတ်ဆွေးနွေးပွဲမစခင် သတင်းစာရှင်းလင်းပွဲတွင် မြန်မာ့အမျိုးသမီးရေးလှုပ်ရှားသူများမှ တောင်းဆိုခဲ့ကြပါသည်။

မြန်မာစစ်ကောင်စီတပ်၏ အပြုအမူလုပ်ရပ်များသည် တိုင်းပြည်ကို ထိန်းချုပ်ဖို့သာမကဘဲ အကြမ်းဖက်မှုများကို ရည်ရွယ်လုပ်ဆောင်နေကြောင်း၊ ၎င်းတို့၏ လုပ်ရပ်များမှာ လူသားဖြစ်မှုကို ဆန့်ကျင်သည့် ရာဇဝတ်မှုများနှင့် လူ့အခွင့်ရေးချိုးဖောက်မှုများဖြစ်ကြောင်း၊ အာဏာသိမ်းပြီးနောက် ဒစ်ဂျစ်တယ်ပလက်ဖောင်းပေါ်မှ ဆန္ဒပြပွဲများ စီစဉ်ခြင်း၊ နိုင်ငံရေးအမြင်များ လွတ်လပ်စွာပြောဆိုခွင့်များကို နှိပ်ကွပ်ခံနေရကြောင်း၊ ဖေ့စ်ဘွတ်ခ်တွင် Like တချက်လုပ်ရုံဖြင့် ဖမ်းဆီးနှိပ်စက်ခံရခြင်းနှင့် စစ်ကြောခံရပြီး အသက်သေဆုံးမှုများရှိနေကြောင်း မြန်မာအမျိုးသမီးများမှ ထောက်ပြခဲ့ကြပါသည်။

ထို့သို့ ထောက်ပြတောင်းဆိုခဲ့ကြသော်လည်း မတ်လ ၁၃ ရက်က မြန်မာ့အရေးအတွက် ပြုလုပ်သော ကုလသမဂ္ဂ လုံခြုံရေးကောင်စီ တံခါးပိတ်အစည်းအဝေးတွင် မြန်မာအမျိုးသမီးများ၏ အသံကို ကြားရခြင်းမရှိသဖြင့် စိုးရိမ်ပူပန်ကြောင်း ကုလသမဂ္ဂဆိုင်ရာ နော်ဝေသံအမတ်ကြီးက ပြောကြားခဲ့ပါသည်။ အဆိုပါ တံခါးပိတ် တိုင်ပင်နှီးနှောမှုတွင် မြန်မာဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးသံတမန် နိုလင်းဟေဇာက လုံခြုံရေးကောင်စီ အဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့ကြောင်း သိရပါသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် မြန်မာအာဏာသိမ်းစစ်အုပ်စုကို ၎င်းတို့ ကျူးလွန်ဆဲ ပြစ်မှုများအတွက် တာဝန်ခံခိုင်းရန် လက်ဆုပ်လက်ကိုင်ပြနိုင်သော ဆောင်ရွက်မှုများ လုပ်ဆောင်ခြင်းအားဖြင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင်က ဆုံးဖြတ်ခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အပေါ် အခြေခံပြီး ဆက်လက်အကောင်အထည်ဖော်သင့်ကြောင်း လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့ (HRW) မှပြောဆိုထားပါသည်။

ယင်းဆုံးဖြတ်ချက်တွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ အာဏာသိမ်းမှုနောက်ပိုင်း မြန်မာစစ်ကောင်စီတပ်၏ အခွင့်အရေး ချိုးဖောက်မှုများကို ပြစ်တင်ရှုတ်ချထားပြီး အာဏာသိမ်းစစ်အုပ်စု၏ ရက်စက်၊ ကြမ်းကြုတ်သည့် လုပ်ရပ်များအပေါ် နိုင်ငံတကာ၏ စစ်ဆေးမှုကို ပြန်လည်တက်ကြွစေမည့် ပထမဆုံးခြေလှမ်းတစ်ခုဖြစ်ကြောင်း၊ ကောင်စီအနေဖြင့် မြန်မာအပေါ် ကမ္ဘာလုံးဆိုင်ရာ လက်နက်ရောင်းချမှု ပိတ်ပင်မိန့် ပြဌာန်းခြင်း၊ မြန်မာနိုင်ငံ၏ အခြေအနေကို နိုင်ငံတကာ ရာဇဝတ်ခုံရုံးသို့ လွှဲပေးခြင်းနှင့် အာဏာသိမ်းစစ်ခေါင်းဆောင်များနှင့် စစ်တပ်ပိုင် ကုမ္ပဏီများအပေါ် ပစ်မှတ်ထား ဒဏ်ခတ်အရေးယူမှုများ ချမှတ်ခြင်း အပါအဝင် ကုလပဋိညာဉ် အခန်း ၇ အောက်တွင် လေးနက်သော အရေးယူဆောင်ရွက်ချက်များကို လုပ်ဆောင်သင့်ကြောင်း HRW မှ တိုက်တွန်းထားပါသည်။

"

အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာန အတိုင်ပင်ခံ Mr. Derek Cholletနှင့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ(CRPH) ဥက္ကဋ္ဌ ဦးအောင်ကြည်ညွှန့် တို့သည် မတ်လ ၇ ရက်မှ ၉ ရက်အထိ အမေရိကန် ပြည်ထောင်စု၊ ဝါရှင်တန်ဒီစီ မြို့သို့ အလုပ်သဘောခရီးစဉ် အတွင်း တွေ့ဆုံခဲ့ကြောင်း

"

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အတိုင်ပင်ခံ Mr. Derek Cholletနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH) ဥက္ကဋ္ဌ ဦးအောင်ကြည်ညွှန့်တို့သည် မတ်လ ၇ ရက်မှ ၉ ရက်အထိ အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်ဒီစီမြို့သို့ အလုပ်သဘောခရီးစဉ်အတွင်း တွေ့ဆုံခဲ့ကြောင်း မတ်လ ၁၂ ရက်နေ့တွင် CRPH မှ သတင်းထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ခရီးစဉ်သည် မြန်မာ့ဒီမိုကရေစီအရေးလှုပ်ရှားမှုအတွက် အမေရိကန်အစိုးရနှင့် အမေရိကန်နိုင်ငံရှိ နိုင်ငံတကာအဖွဲ့ အစည်းများထံမှ ထိရောက်သော ပံ့ပိုးကူညီမှုများရရှိရေးနှင့် နစ်ဘက်ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့် လုပ်ဆောင်နိုင်ရေးအတွက် သွားရောက်သည့်ခရီးစဉ်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

အိန္ဒိယနိုင်ငံ၊ မဏိပူပြည်နယ်၊ အင်ဖားမြို့နယ်တွင် မြန်မာနိုင်ငံသား ခရစ်ယာန်သာသနာပြုဇနီးမောင်နှံကို တရားမဝင်နေထိုင်မှုဖြင့် ပြည်နယ်ရဲများက မတ်လ ၉ ရက်တွင် ဖမ်းဆီးခဲ့ကြပါသည်။ မြန်မာနိုင်ငံသားနှစ်ဦးဖြစ်သော Limdai Merr နှင့် Veikhohat Hatnu တို့သည် ၂၀၂၃ ခု ဇန်နဝါရီလတွင် နာဂလဲန်းပြည်နယ် Kiphire ခရိုင် Avakhong ကျေးရွာသို့ တရားမဝင် နေထိုင်ခွင့်အထောက်အထားပြုလုပ်ကာ ဝင်ရောက်လာခြင်းဖြစ်ပါသည်။

အိန္ဒိယ အာသံရိုင်ဖယ်တပ်ဖွဲ့ဝင်များသည် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ရွှေလိုက်ဂျကျေးရွာအတွင်းသို့ သေနတ်များပစ်ဖောက်ကာ မတ်လ ၁၃ ရက်က ဝင်ရောက်လာခဲ့ပြီး၊ လက်နက်အပြည့်အစုံတပ်ဆင်ထားသည့် အိန္ဒိယ အာသံရိုင်ဖယ်တပ်သား ၁၅ ဦး ခန့်ပါဝင်ကာ သေနတ် ၁၀ ချက် ဖောက်ခဲ့ပြီး ပြန်လည်ထွက်ခွာသွားကြောင်း သိရပါသည်။

မှတ်ချက်။ ။

တစ်ပတ်အတွင်းဘာတွေဖြစ်ခဲ့သလဲ
ကဏ္ဍအတွင်း အကိုးအကား
သတင်းအရင်းအမြစ်များကို
Burma News International - BNI ၏
အဖွဲ့ဝင်သတင်းဌာန (၁၅) ဖွဲ့အပြင်
အခြားသော ပြည်တွင်းပြည်ပ
သတင်းဌာနများမှ
ကောက်ယူစုစည်းဖော်ပြခြင်း
ဖြစ်ပါသည်။